**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ ၅၀၀-ဆသည/ ခွဲ(၅) လိုင်စင်/ ၀၈၇၃

ရက်စွဲ ၊၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

အကြောင်းအရာ။ **ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) အပေါ် သဘောထားမှတ်ချက် တောင်းခံခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုဝန်ကြီးရုံး၏ (၈-၂-၂၀၂၂) ရက်စွဲပါစာအမှတ်၊ ဆသ-၂/ ဆိုက်ဘာ(သဘောထား)/၂၀၂၀(၃၁၅)

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) ကို ပြုစုရေးဆွဲထားရှိပြီးဖြစ်ပါ၍ ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) အပေါ် သဘောထားမှတ်ချက် ပေးရန်ရှိပါက ၁၅-၂-၂၀၂၂ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ပြန်ကြားပေးပို့နိုင်ပါရန် ဆိုက်ဘာလုံခြုံရေး ဥပဒေ (မူကြမ်း)နှင့်အတူ ပြည်ထောင်စုဝန်ကြီးရုံးက ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ပါ၍ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရရှိသူများအနေဖြင့် ပူးတွဲပါ ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) အပေါ် သဘောထားမှတ်ချက်အား (၁၅-၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ လိပ်စာသို့ မပျက်မကွက် (မပျက်မကွက်) ပေးပို့ရန် ဆက်လက်အကြောင်းကြားပါသည်-

<u>ပေးပို့ရန်လိပ်စာ</u>

ညွှန်ကြားရေးမှူး၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ဖုန်း-၀၆၇-၃၄၂၂၆၃၃၊ ဖက်စ်-၀၆၇-၃၄၂၂၆၂၂
Email: cslaw@ncsc.gov.mm

**ပူးတွဲ-ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)မိတ္တူတစ်စုံ**

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(စိုးနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

**မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများအားလုံး**

**ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများအားလုံး**

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ရုံးလက်ခံ/မျှောစာတွဲ

# ဆိုက်ဘာလုံခြုံရေးဥပဒေ

## (၂၀၂၁ ခုနှစ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် --။)

## ၁၃၈၂ ခုနှစ်၊ -------- လ -- ရက်

## (၂၀၂၁ ခုနှစ်၊ -------- လ -- ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ သက်ဆိုင်ခြင်းနှင့် စတင်အာဏာတည်ခြင်း

၁။ ဤဥပဒေကို ဆိုက်ဘာလုံခြုံရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်-

(က) ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်အား မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံသားက သော်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားက သော်လည်းကောင်း ပြည်တွင်း ပြည်ပ အပြန်အလှန်အားဖြင့် ကျူးလွန်သည့် ကိစ္စရပ်များ၊

(ခ) ပြည်တွင်းပြည်ပ ဆက်သွယ်ဆောင်ရွက်ရန် စီစဉ်မှုများ၊ သဘောတူမှုများ၊ ပဋိညာဉ်ချုပ်ဆိုမှုများ သတင်းအချက်အလက်ဖလှယ်မှုများ သို့မဟုတ် ထိမ်းသိမ်းမှုများ အပါအဝင် စီးပွားရေးနှင့် သက်ဆိုင်သောကိစ္စရပ်များ သို့မဟုတ် အီလက်ထရောနစ်အချက်အလက် အမျိုးအစား တစ်မျိုးမျိုးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊

(ဂ) အမျိုးသားဆိုက်ဘာနယ်ပယ် အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် အခြားဆိုက်ဘာနယ်ပယ် တစ်ခုခုတို့အကြား အပြန်အလှန်အားဖြင့် ဖြစ်စေ၊ ဆိုက်ဘာအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သူနှင့်မဆို ဆက်သွယ်ဆောင်ရွက်သော ကိစ္စရပ်များ။

## အခန်း (၂)
## အဓိပ္ပာယ်ဖော်ပြချက်

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရေ က်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက အမိန့် အမှတ် ၉/၂၀၂၁ ဖြင့် ဖွဲ့စည်းသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆိုသည်။

(ဂ) **ဗဟိုကော်မတီ** ဆိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီကို ဆိုသည်။

(ဃ) **ဦးစီးကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရ ဦးစီးကော်မတီကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆိုက်ဘာလုံခြုံရေး ဆိုင်ရ ကိစ္စရပ်များကို ၁ဝန်ခံဆောင်ရွက်ရန် ၁ဝန်ပေးအပ်သော ပြည်ထောင်စု ဝန်ကြီးဌာနကိုဆိုသည်။

(စ) **ဆက်စပ်ဝန်ကြီးဌာန** ဆိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆိုက်ဘာ လုံခြုံရေးဆိုင်ရ ကိစ္စရပ်များနှင့် သက်ဆိုင်သည်ဟု သတ်မှတ်တာဝန်ပေးအပ်ခြင်း ခံရသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ဦးစီးဌာန** ဆိုသည်မှာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီနှင့် ဆိုက်ဘာလုံခြုံရေး ဆိုင်ရာဦးစီးကော်မတီ၏ အတွင်းရေးမှူးရုံးအဖွဲ့အဖြစ် တာဝန်ပေးအပ်ခံရသည့် ဌာန ကို ဆိုသည်။

(ဇ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဆိုက်ဘာလုံခြုံရေးဆိုင်ရ ကိစ္စရပ်များနှင့် ချိုးဖောက်ကျူးလွန်မှုများအား စုံစမ်းစစ်ဆေးရန်အတွက် ဤဥပဒေအရ ဖွဲ့စည်းထား သောအဖွဲ့ကို ဆိုသည်။

(ဈ) **ကိုယ်ရေးဆိုင်ရာအချက်အလက်** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်နှင့် ဆက်နွယ်သည့် မည်သူမည်ဝါအဖြစ် အတည်ပြုပြီးသော သို့မဟုတ် အတည်ပြုနိုင်သော မည်သည့် အချက်အလက်ကိုမဆို ဆိုသည်။

(ည) **ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူ** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အရ ဖြစ်စေ၊ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ကောက်ခံခြင်း၊ စုဆောင်းသိမ်းဆည်းခြင်းနှင့် အသုံးပြုခြင်းတို့အား ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသော အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုက ဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်ကို ဆိုသည်။

(ဋ) **စီမံခန့်ခွဲခြင်း** ဆိုသည်မှာ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ယူခြင်း၊ ရယူခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ တွဲဖက်ဆောင်ရွက်ခြင်း၊ တားမြစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ ပြောင်းလဲခြင်း၊ သိမ်းဆည်းထားသည်များအား ပြန်လည်ကောက်ယူခြင်း၊ အကြံပြုခြင်း၊ အသုံးပြုခြင်း၊ ထုတ်ဖော်ခြင်းကို ဆိုသည်။

(ဌ) **အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အဦ (Critical Information Infrastructure)** ဆိုသည်မှာ အမျိုးသားလုံခြုံရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး အစရှိသော သတင်းအချက်အလက်များအခြေခံအဆောက်အဦများကိုဆိုသည်။ ယင်း စကားရပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖြစ်စေ၊ ဝန်ကြီးဌာနက ဖြစ်စေ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦအဖြစ် ထုတ်ပြန်သတ်မှတ်သည့် ကိစ္စလည်း ပါဝင်သည်။

(ဍ) **အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦ စီမံထိန်းသိမ်းရန် တာဝန်ရှိသူ** ဆိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတ်မှတ်သည့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦကို တာဝန်ယူဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဎ) **အီလက်ထရောနစ်သတင်းအချက်အလက်** ဆိုသည်မှာ ဖက်စ်၊ အီးမေးလ်တို့ အပါအဝင် အီလက်ထရောနစ် နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်း နည်းပညာဖြင့်

ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖန်တီးဆောင်ရွက်ထားသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော သတင်းအချက်အလက်ကို ဆိုသည်။

(ဏ) **အီလက်ထရောနစ်ထိုးမြဲလက်မှတ် (Electronics or Digital Signature)** ဆိုသည်မှာ အီလက်ထရောနစ်သတင်းအချက်အလက်၏ ပင်ရင်းစစ်မှန်ကြောင်းနှင့် ပြင်ဆင်မှု သို့မဟုတ် အစားထိုးမှုမရှိကြောင်းကို အတည်ပြုရန် အီလက်ထရောနစ် နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားစီစဉ်ထားသော သင်္ကေတ သို့မဟုတ် အမှတ်အသားကို ဆိုသည်။

(တ) **အီလက်ထရောနစ်သက်သေခံလက်မှတ် (Electronics or Digital Certificate)** ဆိုသည်မှာ အီလက်ထရောနစ်သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက သုံးစွဲမည့်သူအား ထုတ်ပေးသည့် အီလက်ထရောနစ်ထိုးမြဲလက်မှတ်နှင့် ထိုးမြဲလက်မှတ်ဖန်တီးသော အချက်အလက်တို့၏ ဆက်နွယ်မှုကို သေချာစေသည့် အီလက်ထရောနစ်သတင်း အချက်အလက် သို့မဟုတ် အခြားမှတ်တမ်းကို ဆိုသည်။

(ထ) **အီလက်ထရောနစ်သက်သေခံလက်မှတ ထုတ်ပေးခွင့်ရှိသူ** ဆိုသည်မှာ အီလက်ထရောနစ်ထိုးမြဲလက်မှတ်၏ မှန်ကန်မှုနှင့် ဒးဝင်မှုတို့အား စိစစ်အတည်ပြုပေးနိုင်သည့် အီလက်ထရောနစ် သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူကို ဆိုသည်။

(ဒ) **မူလဆောင်ရွက်ပေးပို့သူ** ဆိုသည်မှာ အီလက်ထရောနစ် သတင်းအချက်အလက်ကို ဖန်တီးရန်ဖြစ်စေ၊ စတင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပေးပို့ရန်ဖြစ်စေ၊ ဆောင်ရွက်သူ သို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်သတင်းအချက်အလက်နှင့် စပ်လျဉ်း၍ အခြားသူတစ်ဦး တစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူ မပါဝင်။

(ဓ) **လက်ခံသူ** ဆိုသည်မှာ မူလဆောင်ရွက်ပေးပို့သူက ပေးပို့သည့် အီလက်ထရောနစ်သတင်းအချက်အလက်ကို လက်ခံရရှိစေရန် ရည်ရွယ်သည့်ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်သတင်းအချက်အလက်နှင့် စပ်လျဉ်း၍ အခြားသူတစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူ မပါဝင်။

(န) **အွန်လိုင်း (Online) ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်နှင့် အလားတူစနစ် သို့မဟုတ် ပစ္စည်းများကို အသုံးပြု၍ အွန်လိုင်းမှ ဝန်ဆောင်မှုပေးအပ်သော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ပ) **အွန်လိုင်းဝန်ဆောင်မှုပေးသူ** ဆိုသည်မှာ အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းကို မြန်မာနိုင်ငံအတွင်း အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးသည့် လုပ်ငန်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဖ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ** ဆိုသည်မှာ အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် သတင်းအချက်အလက်နည်းပညာစနစ်နှင့် ဆက်စပ်၍ ဆိုက်ဘာအရင်းအမြစ်နှင့် အလားတူစနစ် သို့မဟုတ် ပစ္စည်းများကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှု ပေးအပ်သော လုပ်ငန်းတစ်ရပ်ရပ်ဆောင်ရွက်သူကို ဆိုသည်။

(ဗ) **ကွန်ပျူတာ** ဆိုသည်မှာ သတင်းအချက်အလက်နှင့် မှတ်တမ်းများရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှ အခြားတစ်နေရာသို့ ပေးပို့ခြင်း၊ သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ရန်နှင့် လိုအပ်သောအချိန်၌ ပြန်လည်ထုတ်ဖော် အသုံးပြုနိုင်ရန်တို့ကို လည်းကောင်း၊ သင်္ချာဆိုင်ရာနှင့် ယုတ္တိဗေဒဆိုင်ရာ နည်းလမ်းများ အသုံးပြုဆောင်ရွက်ခြင်းကိုလည်းကောင်း၊ အီလက်ထရောနစ်နည်းဖြင့် ဖြစ်စေ၊ သံလိုက်ဓာတ်ဖြင့်ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်းနည်းဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည့် ပစ္စည်းကိရိယာကို ဆိုသည်။

(ဘ) **ကွန်ပျူတာပရိုဂရမ် သို့မဟုတ ပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူ ာစနစ်တစ်ရပ်ကို လည်ပတ်လုပ်ဆောင်ရာတွင် ကွန်ပျ ာစနစ်မှ လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်မည့် အချက်အလက်များကို ရည်ညွှန်းသည့် လမ်းညွှန်ချက်များ သို့မဟုတ် ဖော်ပြချက်များကို ဆိုသည်။

(မ) **ကွန်ပျူတာစနစ်** ဆိုသည်မှာ ပရိုဂရမ်တစ်ခုခုဖြင့် အချက်အလက်များကို အလိုအလျောက် လုပ်ဆောင်လည်ပတ်စေနိုင်မည့် စက်ပစ္စည်းတစ်ရပ်ရပ်ကို ဖြစ်စေ၊ အပြန်အလှန် ဆက်သွယ်တည်ဆောက်ထားသော သို့မဟုတ် ဆက်စပ်လျက်ရှိသော ပစ္စည်းများပါဝင်သည့် စက်ပစ္စည်းကိုဖြစ်စေ ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာစနစ် လုပ်ဆောင်လည်ပတ်နေသည့်အချိန်တွင် အသုံးပြုလျက်ရှိသော ရွှေ့ပြောင်း

အသုံးပြုနိုင်သော အချက်အလက်များသိမ်းဆည်းသည့် စက်ပစ္စည်း (removable storage medium) တစ်ခုခုလည်း ပါဝင်ပြီး၊ ကွန်ပျူ ၁စနစ်တွင် အဆိုပါ စက်ပစ္စည်း တစ်ခုခု၌ သိမ်းဆည်းထားသော ကွန်ပျူ ၁ပရိုဂရမ်တစ်ခုခု သို့မဟုတ် အချက် အလက်တစ်ရပ်ရပ်လည်း ပါဝင်သည်။

(ယ) **အချက်အလက်** (Data) ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူ စနစ်တစ်ခု အတွင်းတွင် လုပ်ဆောင်ထားသော၊ လုပ်ဆောင်ဆဲနှင့် ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ထားသော စည်းမျဉ်းစည်းကမ်းတကျ လုပ်ထုံးလုပ်နည်းများဖြင့် ပြင်ဆင် ထားခဲ့ပြီးသော သို့မဟုတ် ပြင်ဆင်နေဆဲဖြစ်သော ညွှန်ကြားချက်၊ ယူဆချက်၊ အချက်အလက်၊ အသိပညာ၊ သတင်းအချက်အလက်တို့အပြင် ကွန်ပျူတာမှတ်ဉာဏ် တွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်ခြင်းကို ဆိုသည်။

(ရ) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက် (Data)၊ မူရင်းစာ (Text)၊ ပုံရိပ်သဏ္ဍာန် (Image)၊ အသံ (Voice)၊ ဗီဒီယို (video)၊ သင်္ကေတ (Code)၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) နှင့် အချက်အလက် အစုအဝေး (Database) တို့ကို ဆိုသည်။

(လ) **ဆက်သွယ်ရေးပစ္စည်းဆိုသည်မှာ** နည်းပညာတစ်ရပ်ရပ်အရ အပြန်အလှန်အားဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်သော ဆက်သွယ်ရေးပစ္စည်းများ၊ ၎င်းတို့၏ အခြေခံအဆောက် အဦများ၊ ဆက်စပ်ပစ္စည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန် ထားသည့် ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို ဆိုသည်။

(ဝ) **ကွန်ရက်** ဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာတစ်ခုခုကို အသုံးပြုပြီး ဆက်သွယ်ရေး ပစ္စည်း၊ ကွန်ပျူ ၁၊ ကွန်ပျူ ကဲ့သို့သော အလားတူပစ္စည်း ယင်းတို့နှင့် တွဲဖက် အသုံးပြုနိုင်သည့်စနစ်နှင့် ပစ္စည်းကို ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ၊ ဂြိုလ်တုမှ တစ်ဆင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်မှ တစ်ဆင့်ဖြစ်စေ အချင်းချင်းချိတ်ဆက် အသုံးပြုသောစနစ်ကို ဆိုသည်။

(သ) **ဆိုက်ဘာအရင်းအမြစ်** ဆိုသည်မှာ ကွန်ပျူ ၁၊ ကွန်ပျူ ၁စနစ်၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ဆက်သွယ်ရေးပစ္စည်းနှင့် အချက်အလက်ကို ဆိုသည်။

(ဟ) **ဝင်ရောက်ရယူဆောင်ရွက်ခြင်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝင်ရေ ာက်ရယူဆောင်ရွက်ခြင်းကို ဆိုသည်။

(ဠ) **ကြားဖြတ်ဆောင်ရွက်ခြင်း** ဆိုသည်မှာ ကွန်ရက်ကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်သည့် အချက်အလက် သို့မဟုတ် သတင်းအချက်အလက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြားဖြတ်ရယူခြင်းကို ဆိုသည်။

(အ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက်ဖြစ်စေသော၊ အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ် (Malicious Code) များကို ဆိုသည်။

(ကက) **ဆိုက်ဘာလုံခြုံရေး** ဆိုသည်မှာ သတင်းအချက်အလက်၊ ဆိုက်ဘာ အရင်းအမြစ်၊ အီလက်ထရောနစ်သတင်းအချက်အလက်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦတို့ကို ခွင့်ပြုချက်မရှိဘဲ ရယူမှု၊ ဖွင့်ချမှု၊ ပေးပို့မှု၊ ဖြန့်ဝေမှု၊ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှုနှင့် ဖျက်ဆီးမှုများအား ကွယ်ခြင်းကို ဆိုသည်။

(ခခ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ သတင်းအချက်အလက် နည်းပညာအခြေခံကွန်ရက်စနစ်တွင် ဆိုက်ဘာအရင်းအမြစ်များအား အသုံးပြု၍ သတင်းအချက်အလက်၊ အချက်အလက်အစုအဝေး၊ အီလက်ထရောနစ် သတင်းအချက်အလက်၊ ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) တစ်ခုခုအား အသုံးပြုပြီး အီလက်ထရောနစ် သတင်းအချက်အလက် များအား နည်းပညာကွန်ရက် တစ်ခုအတွင်း ဖြစ်စေ၊ ကွန်ရက် အချင်းချင်းချိတ်ဆက်၍ ဖြစ်စေ၊ အပြန်အလှန်အားဖြင့် ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လက်ခံရယူခြင်းများ ဆောင်ရွက်နိုင်သည့် ဝန်းကျင်နယ်ပယ်ကို ဆိုသည်။

(ဂဂ)**အမျိုးသားဆိုက်ဘာနယ်ပယ်** ဆိုသည်မှာ ဗဟိုကော်မတီက ဖြစ်စေ၊ ဦးစီးကော်မတီက ဖြစ်စေ သတ်မှတ်သည့် **ဆိုက်ဘာနယ်ပယ်**ကို ဆိုသည်။

(ဃဃ)**ဆိုက်ဘာမှုခင်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်တစ်ခုခုအား အသုံးပြုပြီး ဆိုက်ဘာနယ်ပယ်အတွင်း ဤဥပဒေပါ တားမြစ်ချက်တစ်ခုခုကိုဖြစ်စေ၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ တားမြစ်ချက်တစ်ခုခုကိုဖြစ်စေ ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ကြံစည်ခြင်း၊ အားပေးကူညီခြင်းများကို ဆိုသည်။

(ငင) **အွန်လိုင်းဆက်သွယ်ရေး** ဆိုသည်မှာ လူတစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းတစ်ခုအနေဖြင့်ဖြစ်စေ၊ ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်နှင့် သတင်းအချက်အလက် နည်းပညာအရ ချိတ်ဆက်ဆောင်ရွက်နိုင်သော ဆက်စပ်ပစ္စည်း (Internet of Things (IoT)) အားအသုံးပြုပြီး ဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ အီလက်ထရောနစ်အစိုးရ အခြေခံအဆောက်အဦ (E-Government Infrastructure), အီလက်ထရောနစ် စီးပွားရေး အခြေခံအဆောက်အဦ (E-commerce Infrastructure), ဖိုရမ် (Forum), ဘလော့ဂ် (Blog) နှင့် လူမှုကွန်ယက် အပါအဝင် အွန်လိုင်း ဆက်သွယ်ဆောင်ရွက်မှုတစ်ခုခုအား ဆက်သွယ်ဆောင်ရွက်အသုံးပြုခြင်းကိုဆိုသည်။

(စစ) **ဆိုက်ဘာအလွဲအသုံးပြုခြင်း**ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အစုအဖွဲ့အနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုအနေဖြင့်ဖြစ်စေ ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်၏ ပုံမှန်ဆောင်ရွက်လျက်ရှိသော သို့မဟုတ် သိမ်းဆည်းထားသော အချက်အလက်၊ သတင်းအချက်အလက်၊ အီလက်ထရောနစ် သတင်းအချက်အလက်၊ ကွန်ပျူတာစနစ်တစ်ရပ်ရပ်နှင့် သက်ဆိုင်သော အချက်အလက် အကြောင်းအရာများအား ဥပဒေနှင့်မညီသောနည်းလမ်းတစ်ရပ်ရပ်ဖြင့် ထိုးဖောက်ဝင်ရောက် ရယူဆောင်ရွက်ခြင်းကို ဆိုသည်။

(ဆဆ)**ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်မှု** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်အား အသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ် စည်းစိမ်များအား ထိခိုက်ပျက်စီးစေရေးတို့ကို ရည်ရွယ်သည့် အကြမ်းဖက်တိုက်ခိုက်မှု တစ်ရပ်ရပ်အပါအဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဇဇ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော တားဆီးကာကွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးများနှင့် စပ်လျဉ်း၍

နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ထားသော သို့မဟုတ် အတည်ပြုလက်ခံထားသော ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ နိုင်ငံတစ်ခုခုကို ဆိုသည်။

(ဈဈ) အွန်လိုင်းလောင်းကစားခြင်း (Online Gambling) ဆိုသည်မှာ ဆိုက်ဘာ အရင်း အမြစ် တစ်ခုခုအား အသုံးပြု၍ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက် လည်းကောင်း၊ ငွေကြေးကဲ့သို့တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ် ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း လောင်းကစား ပြုခြင်းကို ဆိုသည်။

## အခန်း (၃)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများ၊ အီလက်ထရောနစ် နည်းပညာဖြင့် သိမ်းဆည်းထားသော အချက်အလက်များအား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်၊

(ခ) အများပြည်သူတို့၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များအား ဥပဒေနှင့်အညီ အကာ အကွယ်ပေးနိုင်ရန်၊

(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေရန် အီလက် ထရောနစ် နည်းပညာများအသုံးပြု၍ ထိပါးနှောင့်ယှက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းနှင့် ဆိုက်ဘာ မတော်တဆမှုများ ဖြစ်ပွားခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရ တွင် ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(င) ဆိုက်ဘာမှုခင်းများကို ၁းဆီးကာကွယ်နိုင်ရန်၊

(စ) ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်၊

(ဆ) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ ပြည်တွင်းပြည်ပ ဆက်သွယ်ဆောင်ရွက်သည့် ကိစ္စများတွင် အီလက်ထရောနစ်သတင်းအချက်အလက်တို့၏ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို အသိအမှတ်ပြုပြီး ဥပဒေအရ အကာအကွယ်ပေးနိုင်ရန်။

## အခန်း (၄)

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီဖွဲ့စည်းခြင်း

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရ ကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီးများ<br>ဆက်စပ်ဝန်ကြီးဌာနများ | အဖွဲ့ဝင်များ |
| (၄) | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁ဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်တွင် ကောင်းမွန်လုံခြုံသော အမျိုးသားဆိုက်ဘာနယ်ပယ် ပေါ်ထွန်းရေး အတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ယှဉ်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရ လုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော လူသား အရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရေး အားပေးမြှင့်တင်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက် ရန် အားပေးမြှင့်တင်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး ကောင်းမွန်ပြည့်စုံစေရေး၊ ဆိုက်ဘာမှုခင်း ၁းဆီးက ကွယ်ရေး၊ ၁းဥပဒေစိုးမိုးရေးနှင့် ၁းစီရင်ရေးအား အထောက်အကူဖြစ်စေရန် သက်ဆိုင်ရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှုပေးခြင်း၊

(စ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများ၏ ဆိုက်ဘာလုံခြုံရေး စီမံချက်များကို ရေးဆွဲထားရှိရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ညွှန်ကြားခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေး စီမံချက်များကို ဦးစီးဌာနက စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ အကြံပြု ခြင်း၊ တင်ပြ အစီရင်ခံခြင်းများကို တာဝန်ခံဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(ဇ) ပြည်တွင်းပြည်ပ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းအဖွဲ့အစည်းများ အနေဖြင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများ၏ ဆိုက်ဘာ လုံခြုံရေးစီမံချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်ရန် အသိပေးအကြောင်းကြားခြင်း၊ ကန့်သတ်ပိတ်ပင်ခြင်း၊ တားမြစ်ခြင်း၊

(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်းမှတစ်ဆင့် အများပြည်သူက ချိတ်ဆက်

ဆောင်ရွက်လျက်ရှိသော အွန်လိုင်း ဆက်သွယ်ရေးကဏ္ဍမှ လုပ်ငန်းများ၏ သတင်းအချက်အလက် သိမ်းဆည်းမှုကို သတ်မှတ်ခြင်း၊

(ည) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၇။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီတို့၏ အတွင်းရေးမှူးရုံးအဖွဲ့ကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသတ်မှတ်သည့် အတွင်းရေးမှူးရုံးအဖွဲ့သည် ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ထားရှိရမည်။

၈။ အတွင်းရေးမှူးရုံးအဖွဲ့သည် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီတို့၏ -

(က) အသုံးစရိတ်များကို ကျခံရမည်။

(ခ) ရုံးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

## အခန်း (၅)

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ ဗဟိုကော်မတီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် **ဆိုက်ဘာလုံခြုံရေး ဆိုင်ရာဦးစီးကော်မတီ**ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်--

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ဆက်စပ်ဝန်ကြီးဌာနများ | အဖွဲ့ဝင်များ |
| (ဂ) | ဆိုက်ဘာလုံခြုံရေးပညာရှင်များ | အဖွဲ့ဝင်များ |
| (ဃ) | အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန | အတွင်းရေးမှူး |

၁ဝ။ ဦးစီးကော်မတီ၏ ၁ဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်းတားဆီးရေးနှင့် ဟန့်တားဖော်ထုတ်ရေး ကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်း ၁းဆီးရေးနှင့် ဟန့်တားဖော်ထုတ်ရေး ကိစ္စရပ်များ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီမှ ချမှတ်သော ဆိုက်ဘာလုံခြုံရေးမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ၊ သတင်းအချက်အလက်အခြေခံအဆောက်အဦများနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လေ့ကျင့်ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာတိုက်ခိုက်မှု တစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်မီတုံ့ပြန်က ကွယ်မှု စနစ်အား စီမံထားရှိနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားဆိုက်ဘာလုံခြုံမှုရှိစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များပါ အချက်များနှင့်အညီ နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်နိုင်ရေး အတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(စ) နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်သော ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ကွန်ဗင်ရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များပါ အချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်မှု၊ ဆိုက်ဘာခြိမ်းခြောက်မှု ဖြစ်စဉ်သတင်းနှင့် အကြံပြုချက်များအား အများပြည်သူသိရှိဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊

(ဈ) ဆိုက်ဘာလုံခြုံရေးနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများကို စီမံဆောင်ရွက်ခြင်း၊

(ည) ကဏ္ဍအလိုက် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) ဤ ဥပဒေပါ ဝန်ဆောင်မှုလုပ်ငန်းများအား မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်၊ မူဘောင်များနှင့်အညီ လုပ်ကိုင်ခွင့်လိုင်စင် စိစစ်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဌ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သော အစီရင်ခံစာများ တင်ပြခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း၊

(ဎ) ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် ဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဆေးစီရင်ရေးတို့နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတို့ကို စိစစ်ခွင့်ပြုပေးခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတို့ကို စိစစ်အရေးယူခြင်း၊

(တ) အွန်လိုင်း ဆက်သွယ်ရေးကဏ္ဍမှ လုပ်ငန်းများ၏ သတင်းအချက်အလက် သိမ်းဆည်းရန် သတ်မှတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ထ) ပြည်တွင်းပြည်ပမှ ထုတ်လုပ်၊ တပ်ဆင်၊ တင်သွင်းလာသည့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ စက်ကိရိယာများ၊ စက်ပစ္စည်းများသည် ဆိုက်ဘာလုံခြုံရေးဆိုင်ရ မူဝါဒများ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ စိစစ်ဆောင်ရွက်ခြင်း၊ အကြံပေး တင်ပြခြင်း။

၁၁။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အောက်ပါ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းရမည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ခ) ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဂ) ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဃ) လိုအပ်သော အခြားလုပ်ငန်းကော်မတီများ။

၁၂။ ဦးစီးကော်မတီသည် ဤဥပဒေပါ လုပ်ငန်းများကို ဆောင်ရွက်ရ တွင် စုံစမ်းစစ်ဆေးရန် လိုအပ်ပါက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၆)

## ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ခြင်း

၁၃။ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်-

(က) မိမိတာဝန်ခံဆောင်ရွက်ရသည့် ကိုယ်ရေးဆိုင်ရာအချက်အလက်များကို အမျိုးအစား၊ လုံခြုံမှုအဆင့်အတန်းအလိုက် ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက် သို့မဟုတ် ကိုယ်ရေးဆိုင်ရာ အချက်အလက် ပိုင်ရှင်၏ ခွင့်ပြုချက်မှအပ မိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသို့ ကိုယ်ရေးဆိုင်ရာ အချက်အလက် တစ်စုံတစ်ရာအား စိစစ်ရန် ခွင့်ပြုခြင်း၊ ဖွင့်ချခြင်း၊ အသိပေးခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ မိတ္တူကူးပွားခြင်းနှင့် သက်သေခံအဖြစ် တင်သွင်းခြင်း မပြုရ။

(ဂ) ဦးတည်ချက်နှင့် ကိုက်ညီမှုနက်မှု မရှိသည့် စီမံခန့်ခွဲခြင်း ကိစ္စရပ်များအတွက် ကိုယ်ရေးဆိုင်ရာအချက်အလက်တို့ကို သုံးစွဲခြင်း မပြုရ။

(ဃ) အချိန်ကာလ အကန့်အသတ်ဖြင့် အသုံးပြုရန် ရည်ရွယ်ကောက်ယူထားသော ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို သတ်မှတ်အချိန်ကာလ ကျော်လွန်ပါက စနစ်တကျ ဖျက်ဆီးရမည်။

၁၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကိုယ်ရေးဆိုင်ရာအချက်အလက် အပါအဝင် သတင်းအချက်အလက်များကို လက်ခံရရှိသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသည် လည်းကောင်း၊ ယင်း၏

ကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသော သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ပုဂ္ဂိုလ်သည် လည်းကောင်း မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဥပဒေအရ ထုတ်ဖော်ပြောဆိုရန် တာဝန်ရှိမှုမှတစ်ပါး လျှို့ဝှက်ထားရမည်။

၁၅။ ကိုယ်ရေးဆိုင်ရာအချက်အလက် စီမံခန့်ခွဲခြင်း ကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များ သက်ဆိုင်ခြင်း မရှိစေရ -

(က) ဗဟိုကော်မတီက တာဝန်ပေးအပ်သော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ၁းဥပဒေစိုးမိုးရေးအဖွဲ့က ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းနှင့် ဆိုက်ဘာမတော်တဆမှု များဖြစ်ပွားခြင်း၊ ဆိုက်ဘာမှုခင်းနှင့် သက်ဆိုင်၍ ဟန့်တားကာကွယ်ခြင်း၊ ရှာဖွေ ထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ရားရုံး တစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(ခ) ဗဟိုကော်မတီက တာဝန်ပေးအပ်ထားသော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ၁းဥပဒေစိုးမိုးရေးအဖွဲ့က ပြစ်မှုဆိုင်ရာကိစ္စရပ်များ အလိုက် စီမံ ဆောင်ရွက်ခွင့်အာဏာအရဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေး ခြင်း၊ သတင်းရယူစုစည်းခြင်း၊ ရားစွဲဆိုတင်ပို့ခြင်းနှင့် ရားရုံး တစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံတော်၏ အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားလုံခြုံရေးကိစ္စ ရပ်များနှင့် သက်ဆိုင်ပါက ယင်းသက်ဆိုင်သည့် ကိစ္စရပ်များအလိုက် စီမံဆောင်ရွက် ပိုင်ခွင့်အာဏာအရ ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ သတင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) ပါ ကိစ္စရပ်များအား စီမံဆောင်ရွက်ရာတွင် ဗဟိုကော်မတီက ဖြစ်စေ၊ ဆက်စပ်ဝန်ကြီးဌာနက ဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ၊ စီမံပိုင်ခွင့်အာဏာခွဲခြား သတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း။

## အခန်း (၇)

## အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦကာကွယ်ခြင်း

၁၆။ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အီလက်ထရောနစ်အစိုးရဝန်ဆောင်မှုစနစ်များ (e-Government Services)၊

(ခ) ဘဏ္ဍာရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဂ) ရေအရင်းအမြစ်ဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဃ) သယ်ယူပို့ဆောင်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(င) ဆက်သွယ်ရေးဆိုင်ရ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(စ) ပြည်သူ့ကျန်းမာရေးကဏ္ဍဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဆ) လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဇ) သဘာဝသယံဇာ အရင်းအမြစ်များဆိုင်ရ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဈ) အများပြည်သူနှင့်သက်ဆိုင်ခြင်းမရှိသော အီလက်ထရောနစ်သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ။

၁၇။ ဗဟိုကော်မတီသည်-

(က) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦများစာရင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူခွင့်ပြုချက်ဖြင့် လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) ကဏ္ဍအလိုက် သတ်မှတ်ထားရှိသော အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများစာရင်းအား သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆက်စပ်ဝန်ကြီးဌာနနှင့် အစိုးရဌာန အဖွဲ့အစည်းများ၏ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူထံသို့ အသိပေး အကြောင်းကြားရန် ဝန်ကြီးဌာနကို ညွှန်ကြားရမည်။

(ဂ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ သိမ်းဆည်း ထိန်းသိမ်းမှုအတွက် မူဝါဒများ ချမှတ်ရမည်။

၁၈။ ဦးစီးကော်မတီသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများ၏ ဆိုက်ဘာလုံခြုံရေး အဆင်သင့်ဖြစ်မှုကို စစ်ဆေး၍ သတ်မှတ်ချက်များနှင့်အညီ ပြည့်မီအောင် ဆောင်ရွက်ရန် ညွှန်ကြားရမည်။

၁၉။ ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည်-

(က) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများနှင့် သက်ဆိုင်သော ဆိုက်ဘာလုံခြုံရေး စီမံချက်များရေးဆွဲခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေး အစီရင်ခံစာအား ဦးစီးကော်မတီသို့ တင်သွင်းခြင်း။

၂၀။ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အဦကို စီမံထိန်းသိမ်းရန် ၁ဝန်ရှိသူသည်-

(က) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသည့်နေရာ တွင် သိမ်းဆည်းရမည်။

(ခ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ထုတ်ပြန်ခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သိမ်းဆည်းခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ဆိုက်ဘာလုံခြုံရေးအစီရင်ခံစာကို ဆက်စပ်ဝန်ကြီးဌာနများသို့ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် တင်သွင်းရမည်။

၂၁။ ဦးစီးကော်မတီသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦ ကာကွယ်မှုများ ဆောင်ရွက်ရန် သက်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

## အခန်း (၈)

## အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုနှင့် အီလက်ထရောနစ်သက်သေခံလက်မှတ

၂၂။ ပဋိညာဉ်ပြုလုပ်ရာတွင် ပဋိညာဉ်ပြုသူများအကြား အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် ကမ်းလှမ်းခြင်း၊ ကမ်းလှမ်းချက်ကိုလက်ခံခြင်းနှင့် အခြားလိုအပ်သောအချက်အလက် ပြုလုပ်ခြင်းတို့ကို အီလက်ထရောနစ်နည်းပညာဖြင့် ဆောင်ရွက်နိုင်သည်။

၂၃။ အီလက်ထရောနစ်သတင်းအချက်အလက်ကို မူလဆောင်ရွက်ပေးပို့သူ ကိုယ်တိုင်ကဖြစ်စေ၊ ယင်း၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ၊ ကိုယ်တိုင် သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်ခွင့်ရှိသူက အလိုအလျောက် ဆောင်ရွက်ရန် စီစဉ်ပြုလုပ်ထားသော သတင်းအချက်အလက်စနစ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင် မူလဆောင်ရွက်ပေးပို့သူ၏ အီလက်ထရောနစ်သတင်းအချက်အလက် ဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ လက်ခံသူနှင့် မူလဆောင်ရွက်ပေးပို့သူတို့သည် သဘောတူညီထားသည့် နည်းလမ်း နှင့်အညီ အသုံးပြုပေးပို့ခဲ့ခြင်းဖြစ်စေ၊ မူလဆောင်ရွက်ပေးပို့သူ၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ ပေးပို့သည်ကို မူလသဘောတူသည့် နည်းလမ်းဖြင့် ပေးပို့ခဲ့ခြင်းဖြစ်စေ မူလဆောင်ရွက်ပေးပို့သူ၏ အီလက်ထရောနစ် သတင်းအချက်အလက်ပေးပို့ခဲ့ခြင်း မှန်ကန်သည်ဟု မှတ်ယူရမည်။

၂၅။ လက်ခံသူသည် အီလက်ထရောနစ်သတင်းအချက်အလက်ကို-

(က) အောက်ပါတစ်နည်းနည်းဖြင့် ဆောင်ရွက်ပါက လက်ခံရရှိသည်ဟု မှတ်ယူရမည်-

(၁) လက်ခံသူက ကိုယ်တိုင်ဖြစ်စေ၊ အလိုအလျောက်နည်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဆက်သွယ်ပြန်ကြားခြင်း၊

(၂) လက်ခံသူက လက်ခံရရှိပြီး ဖြစ်ကြောင်း မူလဆောင်ရွက်ပေးပို့သူ သို့မဟုတ် ယင်း၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူသို့ လုံလောက်သော ညွှန်ပြမှုတစ်ခုခု ပြုလုပ်ခြင်း၊

(ခ) လက်ခံရရှိကြောင်း အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက် ပြုလုပ်နိုင်သည်။

၂၆။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့အကြား ပို့လွှတ်သည့်အချိန်နှင့် လက်ခံသည့်အချိန်တို့နှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက် ပြုလုပ်ထားခြင်းမရှိလျှင် အီလက်ထရောနစ် သတင်းအချက်အလက်ကို-

(က) ပို့လွှတ်သည့် အချိန်သည် မူလဆောင်ရွက်ပေးပို့သူ သို့မဟုတ် ယင်း၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူက ပေးပို့ရန် အသုံးပြုသည့် သတင်းအချက်အလက်စနစ် အတွင်းသို့ ရောက်ရှိသည့်အချိန် ဖြစ်သည်။

(ခ) လက်ခံသည့်အချိန်သည် လက်ခံရန် အသုံးပြုသည့် သတင်းအချက်အလက် စနစ်အတွင်းသို့ ရောက်ရှိသည့်အချိန် ဖြစ်သည်။

## အခန်း (၉)
## ဝန်ဆောင်မှုပေးခြင်း

၂၇။ မြန်မာနိုင်ငံအတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည်-

(က) ဦးစီးဌာနနှင့် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များအား အထောက်အကူပြုပေးနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရ ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရ ပျက်စီးဆုံးရှုံးမှု အလားအလာကို သတိပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ လမ်းညွှန်မှုပေးခြင်း၊

(ဂ) အန္တရာယ်ရှိသော ကုဒ်များ၊ ဆိုက်ဘာတိုက်ခိုက်မှုများ၊ ဆိုက်ဘာ ူးကျော် ဝင်ရေ က်မှု သို့မဟုတ် အခြားလုံခြုံရေးဆိုင်ရ ချိုးဖောက်မှုကို တုံ့ပြန်ရန် အစီအစဉ်နှင့် ဖြေရှင်းနည်းများ ရေးဆွဲခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရ တိုက်ခိုက်မှု ဖြစ်ပေါ်သည့်အခါသင့်လျော်သော အရေးပေါ် အစီအစဉ်ကို ချက်ချင်း အကောင်အထည်ဖော်ခြင်း၊ တုံ့ပြန်ဖြေရှင်းခြင်းနှင့် သက်ဆိုင်သူအား အသိပေးခြင်း၊

(င) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်သော စံနှုန်းများကို ကျင့်သုံးခြင်း၊

(စ) အွန်လိုင်းဝန်ဆောင်မှု အသုံးပြုသူများ၏ သတင်းအချက်အလက်များ ပေါက်ကြားခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများ မဖြစ်ပေါ်စေရန် ကွယ်ခြင်း၊

(ဆ) ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှင့် ဦးစီးဌာနသို့ အစီရင်ခံစာ ချက်ချင်းပေးပို့ခြင်း၊

(ဇ) သတ်မှတ်ထားသည့်လိုင်စင်ဆိုင်ရာ အခကြေးငွေများကိုပေးဆောင်ခြင်း၊

(ဈ) လုပ်ငန်းအစီရင်ခံစာကို သတ်မှတ်ချက်အတိုင်း တင်သွင်းခြင်း၊

၂၈။ မြန်မာနိုင်ငံအတွင်း အွန်လိုင်းဝန်ဆောင်မှုပေးသူသည်-

(က) ဝန်ဆောင်မှုအသုံးပြုသူ၏ အချက်အလက်များ သိမ်းဆည်းထားသော စက်ပစ္စည်းကို ဝန်ကြီးဌာနက သတ်မှတ်သည့်နေရာတွင် ထားရှိရမည်။

(ခ) အွန်လိုင်းဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်။

(ဂ) အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ဆက်စပ်စီးပွားရေး တစ်ရပ်ရပ် ဆောင်ရွက်ခြင်း သို့မဟုတ် အလားတူ အကျိုးအမြတ် ရယူဆောင်ရွက်သည့်လုပ်ငန်း နှင့် စပ်လျဉ်း၍ အခွန်အရပ်ရပ်ပေးဆောင်ရန်ပေါ်ပေါက်ပါက သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးဆောင်ရပါမည်။

၂၉။ မြန်မာနိုင်ငံအတွင်း အွန်လိုင်းဝန်ဆောင်မှုပေးသူသည် ဆိုက်ဘာနယ်ပယ်ရှိ အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်ကို ဖြစ်ပေါ်ကြောင်း ဦးစီးဌာနက အကြောင်းကြားသည့်အခါ ၎င်းတို့ကို ားဆီးခြင်း၊ ဖယ်ရှားခြင်း၊ က်ဆီးခြင်းနှင့် ရပ်ဆိုင်းခြင်းတို့ကို သတ်မှတ်ချက်များ နှင့်အညီ အချိန်မီဆောင်ရွက်ရမည်-

(က) အမုန်းတရားဖြစ်စေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော စကား၊ စာသား၊ ရုပ်ပုံ၊ ဗီဒီယိုဖိုင်၊ အသံဖိုင်၊ သင်္ကေတ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ဖော်ပြမှုများ၊

(ခ) မမှန်သတင်းများ သို့မဟုတ် ကောလာဟလသတင်းများ၊

(ဂ) မြန်မာ့လူမှုအသိုက်အဝန်း ယဉ်ကျေးမှုအရ ကြည့်ရှုခြင်းငှာ မသင့်လျော်သော လိင်အသားပေးပုံများ၊ အသံဖိုင်၊ ဗီဒီယိုများ၊ စာသားများ၊ သင်္ကေတများနှင့် အခြားတစ်နည်းနည်းဖြင့် ဖော်ပြမှုများ၊

(ဃ) လိင်ပိုင်းဆိုင်ရ ရည်ရွယ်ချက်ဖြင့်ဖော်ပြသော ကလေးသူငယ်၏ ညစ်ညမ်းပုံ၊ ညစ်ညမ်းဗီဒီယို၊ စာသားများ၊ သင်္ကေတများနှင့် အခြားတစ်နည်းနည်းဖြင့် ဖော်ပြမှုများ၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည့် ရေးသား၊ ပြောဆို၊ ဖော်ပြချက်များ၊

၃၀။ မြန်မာနိုင်ငံအတွင်း အွန်လိုင်းဝန်ဆောင်မှုပေးသူသည် ဝန်ဆောင်မှုအသုံးပြုသူများ၏ အောက်ပါ အချက်အလက်များကို ဝန်ဆောင်မှုစတင်အသုံးပြုသည့် နေ့မှစ၍ သုံးနှစ် အထိ ထိန်းသိမ်းထားရမည်-

(က) ဝန်ဆောင်မှုသုံးစွဲသူ၏ အမည်နှင့် အင်တာနက်ပရိုတိုကောလ်လိပ်စာ (Internet Protocol (IP) Address)၊ ဖုန်းနံပါတ်၊ စိစစ်ရေးကဒ်အမှတ်၊ နေရပ်လိပ်စာ၊

(ခ) ဝန်ဆောင်မှုသုံးစွဲသူ၏ အသုံးပြုမှုမှတ်တမ်း၊

(ဂ) ဦးစီးဌာနက အခြားညွှန်ကြားထားသောအချက်အလက်များ။

၃၁။ မြန်မာနိုင်ငံအတွင်း အွန်လိုင်းဝန်ဆောင်မှုပေးသူသည် ပုဒ်မ ၃၀ ပါ အချက်အလက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တာဝန်ပေးအပ်ခံရသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက တောင်းခံလျှင်ပေးရမည်။

## အခန်း (၁၀)

## လိုင်စင်ရယူခြင်း

၃၂။ မြန်မာနိုင်ငံအတွင်း အီလက်ထရောနစ်သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူအဖြစ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၃။ မြန်မာနိုင်ငံအတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၄။ မြန်မာနိုင်ငံအတွင်း အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

၃၅။ ဦးစီးဌာနသည် သက်ဆိုင်ရာ လိုင်စင်လျှောက်ထားခြင်း၊ လိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်းတိုးပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ဦးစီးကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## ဆိုက်ဘာအလွဲအသုံးပြုခြင်း

၃၆။ မည်သူမဆို ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်ကို ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ဖြစ်ပေါ်ပါက ဆိုက်ဘာအရင်းအမြစ်စနစ်တစ်ရပ်ရပ်တွင် ပုံမှန်ဆောင်ရွက်လျက်ရှိသည့် သို့မဟုတ် သိမ်းဆည်းထားသော သတင်းအချက်အလက်၊ ကွန်ပျူ ၁စနစ်တစ်ရပ်ရပ်၊ ပရိုဂရမ်နှင့် သက်ဆိုင်သော အချက်အလက်အကြောင်းအရာများကို ရားမဝင် ရယူဝင်ရောက်ဆောင်ရွက်ခြင်းဖြစ်သည်-

(က) ပရိုဂရမ် သို့မဟုတ် အချက်အလက်ကိုဖြစ်စေ၊ ယင်းတို့နှင့်သက်ဆိုင်သည့် အခြေအနေ သို့မဟုတ် အရည်အသွေးတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်ကို အောက်ပါနေရာတစ်ခုခုသို့ ကူးယူခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း၊

(၁) ပရိုဂရမ် သို့မဟုတ် အချက်အလက်အား မူလသိမ်းဆည်းထားရှိသည့် နေရာမှ အပ အခြား ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်၊ စက်ပစ္စည်းတစ်ခုခု သို့မဟုတ် သိုလှောင်သိမ်းဆည်းနိုင်သည့် ပစ္စည်းတစ်ခုခုသို့ ဖြစ်စေ၊

(၂) ပရိုဂရမ် သို့မဟုတ် အချက်အလက်အား သိမ်းဆည်းထားရှိသည့် ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်၊ စက်ပစ္စည်းတစ်ခု သို့မဟုတ် သိုလှောင် သိမ်းဆည်း

နိုင်သည့် ပစ္စည်းတစ်ခုတည်းတွင်ဖြစ်သော်လည်း ယင်း၏ အခြားနေရာတစ်ခုခုသို့ ဖြစ်စေ၊

(ဂ) ကွန်ပျူ ာပရိုဂရမ် သို့မဟုတ် အချက်အလက်ကိုအသုံးပြုခြင်း၊

(ဃ) ကွန်ပျူ ာစနစ်တွင် သိမ်းဆည်းထားခြင်းမှ ကွန်ပျူတာစနစ်ကို ဖွင့်လှစ်လုပ်ဆောင်စေ၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပြုလုပ်ပြီး အချက်အလက်များ ရယူဆောင်ရွက်ခြင်း။

၃၇။ ကွန်ပျူ ာစနစ် သို့မဟုတ် ကွန်ပျူ ာပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ဖြစ်ပေါ်စေလျှင် ကွန်ပျူ ာစနစ်တစ်ရပ်ရပ်၏ အရည်အသွေးကို ားမဝင် ပြင်ဆင်ပြောင်းလဲခြင်းပြုလုပ်သည်ဟု မှတ်ယူရမည်-

(က) သက်ဆိုင်ရ ကွန်ပျ ာစနစ်၏ သိမ်းဆည်းထားသော ပရိုဂရမ် သို့မဟုတ် အချက်အလက်၏ တစ်ရပ်ရပ်ကို ပြောင်းလဲခြင်း၊

(ခ) သက်ဆိုင်ရ ကွန်ပျ ာစနစ်၏ သိမ်းဆည်းထားသော ပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊

(ဂ) သက်ဆိုင်ရ ကွန်ပျ ာစနစ်၏ သိမ်းဆည်းထားသော ပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်ကို ဖြည့်စွက်ခြင်း၊

(ဃ) ကွန်ပျူ ာစနစ်တစ်ရပ်ရပ်၏ သာမန်လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေမည့် အခြားလုပ်ဆောင်မှု တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း။

၃၈။ ကွန်ပျူ ာစနစ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ဖြစ်ပေါ်စေလျှင် ကွန်ပျူ ာစနစ်တစ်ရပ်ရပ်၏ အကြောင်းအရာများကို ားမဝင် ပြင်ဆင်ပြောင်းလဲခြင်းပြုလုပ်သည်ဟု မှတ်ယူရမည်-

(က) သက်ဆိုင်ရ ကွန်ပျ ာစနစ်၏ သိမ်းဆည်းထားသော ပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်ကို ပြောင်းလဲခြင်း၊

(ခ) သက်ဆိုင်ရ ကွန်ပျ ာစနစ်၏ သိမ်းဆည်းထားသော ပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်ကို က်သိမ်းခြင်း၊

(ဂ) သက်ဆိုင်ရ ကွန်ပျ ာစနစ်၏ သိမ်းဆည်းထားသော ပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်ကို ဖြည့်စွက်ခြင်း၊

(ဃ) ကွန်ပျူတာစနစ်တစ်ရပ်ရပ်၏ သာမန်လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေမည့် အခြား လုပ်ဆောင်မှု တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း။

၃၉။ ကွန်ပျူ ၁စနစ်တစ်ရပ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက်နှင့် စပ်လျဉ်း၍ အောက်ပါဆောင်ရွက်မှုများသည် ထိန်းချုပ်မှုပြုလုပ်ခြင်းဟု မှတ်ယူရမည်-

(က) ကွန်ပျူ သို့မဟုတ် ကွန်ပျူ ၁စနစ် သို့မဟုတ် ကွန်ရက် တစ်ခုခုကို ထိန်းချုပ်ခြင်း သို့မဟုတ် အလားတူ ဆောင်ရွက်ခြင်း၊

(ခ) ကွန်ပျူ သို့မဟုတ် ကွန်ပျူ ၁စနစ် သို့မဟုတ် ကွန်ရက် တစ်ခုခုကို အခြားသော ကွန်ပျူ ၁စနစ် (Software/Tool) ဖြင့် ထိန်းချုပ်၍ လုပ်ဆောင်ခြင်း၊

၄၀။ ကွန်ပျူတာစနစ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်သည် အောက်ပါ အခြေအနေများဖြစ်ပေါ်ပါက ကွန်ပျူ ၁စနစ်တစ်ရပ်ရပ်အား ပုဂ္ဂိုလ်တစ်ဦးဦးက မည်သည့် နည်းလမ်းဖြင့်မဆို တရားမဝင် ဝင်ရောက်ရယူဆောင်ရွက်ခြင်းဟု မှတ်ယူရမည်-

(က) ထိုသူသည် ကွန်ပျူ ၁စနစ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဝင်ရောက်ရယူဆောင်ရွက်မည့် အချင်းဖြစ် အကြောင်းအရာအမျိုးအစားအား ကြီးကြပ်ဆောင်ရွက်ခွင့်ရှိသူမဟုတ်ခြင်း၊

(ခ) ထိုသူသည် ကွန်ပျူ ၁စနစ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဝင်ရေ က်ရယူဆောင်ရွက်မည့် အချင်းဖြစ်အကြောင်းအရာအမျိုးအစားအတွက် သဘောတူညီချက် ပေးပိုင်ခွင့်ရှိသူ ထံမှ သဘောတူညီချက် ရှိထားသူမဟုတ်ခြင်း။

၄၁။ ကွန်ပျူ ပရိုဂရမ် သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးဦးက အောက် ဖော်ပြပါ နည်းလမ်းဖြင့် ကြားဖြတ်ရယူဆောင်ရွက်ခြင်းကို ားမဝင် ကြားဖြတ်ရယူဆောင်ရွက် ခြင်းဟု မှတ်ယူရမည်-

(က) ကွန်ပျူ ၁စနစ်အတွက် ၁ဝန်ရှိသူပုဂ္ဂိုလ် မဟုတ်ခြင်း၊

(ခ) အဆိုပါ ကြားဖြတ်ဆောင်ရွက်ခြင်းကိုပြုလုပ်မည် သို့မဟုတ် မပြုလုပ်မည်ကို ဆုံးဖြတ် ဆောင်ရွက်ခွင့်ရှိသူ မဟုတ်ခြင်း၊

(ဂ) ကွန်ပျူတာစနစ်အတွက် ၁ဝန်ရှိသူပုဂ္ဂိုလ်ထံမှ အဆိုပါကြားဖြတ်ဆောင်ရွက်ခြင်း အတွက် သဘောတူခွင့်ပြုချက်ရရှိသူ မဟုတ်ခြင်း။

၄၂။ လူအများဝင်ထွက်သွားလာမှုရှိသော၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် လုံခြုံရေးအတွက် လိုအပ်သောနေရာများ၌ လုံခြုံရေးကင်မရ တပ်ဆင်ရ တွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ တပ်ဆင်ရမည်။

## အခန်း (၁၂)

## ဆိုက်ဘာမှုခင်းများနှင့် ဆိုက်ဘာတိုက်ခိုက်မှုများအား ကာကွယ်ခြင်း၊ တုံ့ပြန်ခြင်း

၄၃။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆိုက်ဘာမှုခင်းဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆိုက်ဘာ ကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီတို့သည် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမတော်တဆမှုများဖြစ်ပွားခြင်း ဖြစ်စဉ်တစ်ခုခုနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်ရမည်-

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအကြမ်းဖက် တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်းဖြစ်စဉ်၏ အလားအလာရှိသော သက်ရေ က်မှု သို့မဟုတ် ထိုသက်ရေ က် မှုကို အကဲဖြတ်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအကြမ်းဖက် တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်းဖြစ်စဉ်မှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ အခြားအန္တရာယ် များ မဖြစ်ပေါ်စေရန် ကာကွယ်တားဆီးခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအကြမ်းဖက် တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ကွယ်တားဆီးခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးအဆင့် တိုးမြှင့်ကာကွယ်ရန် ကွန်ပျူ သို့မဟုတ် ကွန်ပျူ စနစ်ဖြင့် သိမ်းဆည်းထားသော၊ လက်ခံရယူထားသော၊ ပို့လွှတ်သော၊ ဖန်တီးထား သော သတင်းအချက်အလက်များကို ရယူခြင်း၊ သိမ်းဆည်းခြင်း၊ လွှဲပြောင်းခြင်း၊ စောင့်ကြည့်ခြင်း။

(င) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်းတို့ကို စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်ခြင်း။

၄၄။ အွန်လိုင်းဝန်ဆောင်မှုပေးသူ သို့မဟုတ် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ပုဒ်မ ၄၃ ပါလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် ကူညီပူးပေါင်း ဆောင်ရွက်ရမည်။

၄၅။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆိုက်ဘာ ကွယ်ရေးဆိုင်ရာလုပ်ငန်း ကော်မတီတို့သည် ပုဒ်မ ၄၃ ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရ တွင် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု သုံးသပ်ယူဆရသော အောက်ပါ ပုဂ္ဂိုလ်ထံမှ ကွန်ပျူ သို့မဟုတ် ကွန်ပျ ၁စနစ်ကို စစ်ဆေးနိုင်သည်-

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်း ဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု သုံးသပ်ယူဆရသော ကွန်ပျူတာကိုဖြစ်စေ၊ ကွန်ပျူတာစနစ် တစ်ခုခုကိုဖြစ်စေ၊ ကွန်ရက်တစ်ခုခုကိုဖြစ်စေ အသုံးပြုသူ သို့မဟုတ် အသုံးပြုခဲ့သည် ဟု သံသယရှိသူ၊

(ခ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဆက်စပ်မှုရှိသူ။

၄၆။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆိုက်ဘာ ကွယ်ရေးဆိုင်ရာလုပ်ငန်း ကော်မတီတို့သည် ကွန်ပျူ သို့မဟုတ် ကွန်ပျူ ၁စနစ် အား လေ့လာဆန်းစစ်ခြင်း၊ သရုပ်ခွဲခြင်း၊ စိစစ်လေ့လာခြင်းတို့ ပြုလုပ်ပြီးပါက ယင်းကွန်ပျူ သို့မဟုတ် ကွန်ပျူ ၁စနစ်ကို အပ်နှံသူထံ စနစ်တ ပြန်လည်ပေးအပ်ရမည်။

၄၇။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် ပါဝင်သော ကြားဖြတ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းတစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ ကြားဖြတ်ဆောင်ရွက်ခွင့်ကို အပ်နှင်းနိုင်သည်။

၄၈။ ဆက်သွယ်ရေးဥပဒေပါဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ပုဒ်မ ၄၇ အရ ကြားဖြတ်ဆောင်ရွက်ခွင့်အပ်နှင်းခြင်းခံရသော သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဥပဒေနှင့်အညီ ကြားဖြတ်ဆောင်ရွက်ခြင်းပြုနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားရှိရမည်။

၄၉။ ပုဒ်မ ၄၇ အရ ကြားဖြတ်ဆောင်ရွက်ခွင့်အပ်နှင်းခြင်းခံရသော သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်သည် အောက်ပါကိစ္စရပ်များအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ ကြားဖြတ်ဆောင်ရွက်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ထိခိုက်စေမည့်ကိစ္စရပ်များကို ဒးဆီးကာကွယ်ခြင်း၊

(ခ) နိုင်ငံတော် ကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊

(ဂ) တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကိစ္စရပ်များဆောင်ရွက်ခြင်း၊

(ဃ) ၁ဇဝတ်မှုများအား စုံစမ်းထောက်လှမ်းခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားသည့် ကိစ္စရပ်များ၊

(စ) ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်အား ကွယ်စောင့်ရှောက်ရန်ကိစ္စရပ်များ။

၅၀။ ဝန်ကြီးဌာန သို့မဟုတ် ယင်းက တာဝန်ပေးအပ်သောဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး ကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူ၏ အကျိုးအတွက်သော်လည်းကောင်း အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အတွင်း ဝန်ဆောင်မှု ပြုလုပ်နေမှုကို လိုအပ်ပါက ဝင်ရောက်ကြည့်ရှု၍ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စာတမ်းအမှတ်အသားတို့ကို တင်ပြစေနိုင်သည်။

၅၁။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် အခြေအနေ ပေါ်ပေါက်သည့်အခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) မြန်မာနိုင်ငံအတွင်း အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အား ယာယီပိတ်ပင်ခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်း အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်သည့် စက်ပစ္စည်းများကို ယာယီထိန်းချုပ်ခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား အပြီးပိတ်ပင်ခြင်း။

## အခန်း (၁၃)

## သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ကျွမ်းကျင်သူ၏သက်သေခံချက်တင်သွင်းခြင်း

၅၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ တရားဥပဒေ စိုးမိုးရေး လုပ်ငန်းစဉ်များအတွက် စုံစမ်းစစ်ဆေးရန်လိုအပ်၍ အီလက်ထရောနစ် သက်သေခံပစ္စည်းများကို သိမ်းဆည်းရာတွင် သတ်မှတ်ချက်များနှင့်အညီ ကိုင်တွယ်သိမ်းဆည်း ရမည်။

၅၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သိမ်းဆည်းထားသော အီလက်ထရောနစ်သက်သေခံ ပစ္စည်းများ ကို လေ့လာဆန်းစစ်ခြင်း၊ သရုပ်ခွဲခြင်း၊ စိစစ်လေ့လာခြင်းတို့ကို ဆောင်ရွက်၍ တရားရုံးသို့ သတ်မှတ်ချက်များနှင့်အညီ အီလက်ထရောနစ်သက်သေခံအဖြစ် တင်သွင်းနိုင်သည်။

၅၄။ သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အီလက်ထရောနစ်ဓာတ်ခွဲခန်း (Digital Forencis Lab) ကို တည်ထောင်၍ လိုအပ်သော ကျွမ်းကျင်သူ၏ ထင်မြင်ယူဆချက်အား တရားရုံးသို့ သတ်မှတ်ချက်များနှင့်အညီ အီလက်ထရောနစ်သက်သေခံအဖြစ် တင်သွင်းနိုင်သည်။

## အခန်း (၁၄)

## အွန်လိုင်းလောင်းကစားခြင်း

၅၅။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားခြင်းနှင့် သက်ဆိုင်၍ အောက်ပါတို့ကို မပြုလုပ်ရ-

(က) လောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံ စုဆောင်းခြင်း၊

(ခ) လောင်းကစားခြင်း၊ လောင်းကစားရန် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း၊

(ဂ) ဆိုက်ဘာအရင်းအမြစ်တစ်ခုခုအား အသုံးပြု၍ ကံစမ်းကစားခြင်း သို့မဟုတ် ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည် ဖြစ်စေ ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ်

ငွေကြေးတန်ဖိုး အဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်း တစ်စုံတစ်ရာ အတွက် လည်းကောင်း လောင်းကစားပြုခြင်း။

## အခန်း (၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၆။ ကိုယ်ရေးဆိုင်ရာအချက်အလက်များအား စီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ကိုယ်ရေးဆိုင်ရာ အချက်အလက်များအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်းမပြုကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးဆိုင်ရာအချက် အလက်များကို ရယူခြင်း၊ ဖွင့်ချခြင်း၊ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ ပြုပြင်ခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ခြားသူ တစ်ယောက်ထံသို့ ပေးပို့ခြင်း သို့မဟုတ် အလွဲသုံးစားပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦ စီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ပုဒ်မ ၂၀ ပါ ၁ဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို အီလက်ထရောနစ်သတင်းအချက်အလက်အား နှောင့်ယှက်ခြင်း၊ က်ဆီးခြင်း၊ ခိုးယူခြင်း၊ ထိခိုက်ဆုံးရှုံးစေခြင်း၊ ဥပဒေနှင့်မညီသော ပေးပို့ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း စသည်တို့ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၆၀။ မည်သူမဆို မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့၏ ခွင့်ပြုချက်မရှိဘဲ ကွန်ရက်အတွင်း ဆက်သွယ်မှု တစ်ခုခုကို ကြားဖြတ်ခြင်း၊ ဆက်သွယ်မှုတစ်ခုခုတွင် ပါဝင်သည့်အချက်တစ်ရပ်ရပ်ကို

အသုံးပြုခြင်း သို့မဟုတ် အခြားသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ အွန်လိုင်းဝန်ဆောင်မှုပေးသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ဆိုက်ဘာအရင်းအမြစ်ကို ခွင့်ပြုချက်မရှိဘဲ မရိုးမဖြောင့်သောသဘောဖြင့် ဝင်ရေ က်ရန် ကြိုးပမ်းခြင်း၊

(ခ) ရွှေ့ပြောင်းနိုင်သော မည်သည့်သိုလှောင်မှု ကြားခံတွင်မဆို သိမ်းဆည်းထားသော ဒေတာများ သို့မဟုတ် သတင်းအချက်အလက်များပါဝင်သည့် ဆိုက်ဘာအရင်းအမြစ်မှ မည်သည့် သတင်းအချက်အလက်ကိုမဆို ထုတ်ယူခြင်း၊ ကူးယူခြင်း၊ ဒေါင်းလော့ဒ် (Download) ရယူခြင်း၊ က်ဆီးခြင်း၊

(ဂ) ဆိုက်ဘာအရင်းအမြစ်ထဲသို့ ကွန်ပျူ ာ ပျက်စီးစေနိုင်သော လုပ်ဆောင်မှုများ၊ မောလ်ဝဲရ်များ ထည့်သွင်းခြင်း၊ ဝင်ရေ က်စေခြင်း၊

(ဃ) ဆိုက်ဘာအရင်းအမြစ် အတွင်းရှိ သတင်းအချက်အလက်နှင့် ပရိုဂရမ်များကို က်စီးခြင်း၊ ပျက်စီးစေခြင်း၊

(င) ဆိုက်ဘာအရင်းအမြစ်ကို ကြားဝင်နှောင့်ယှက်ခြင်း၊

(စ) ဆိုက်ဘာအရင်းအမြစ်အား ရယူပိုင်ခွင့်ရှိသည့် မည်သည့် လူပုဂ္ဂိုလ်ကိုမဆို ယင်းစနစ်များ အတွင်းသို့ ဝင်ေ က်နိုင်ခြင်း မရှိအောင် ပြုလုပ်ခြင်း၊

(ဆ) ဥပဒေအရ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကာ ဆိုက်ဘာအရင်းအမြစ်အား ဝင်ရောက်ခြင်းကို အားပေးခြင်း၊ ကူညီခြင်း၊

(ဇ) လူပုဂ္ဂိုလ်တစ်ဦးအား အခကြေးငွေပေး၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့် ဖြစ်စေ၊ တစ်ခြားသူတစ်ဦး၏ ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ နှောင့်ယှက်စေခြင်း၊

(ဈ) မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဆိုက်ဘာအရင်းအမြစ်အတွင်းရှိ သတင်းအချက်အလက်များကို ကျက်ဆီးခြင်း၊ ဖယ်ထုတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ၎င်း၏ အသုံးဝင်မှုများကို ယုတ်လျော့စေခြင်း၊ အကျိုးသက်ရောက်မှုများကို ထိခိုက်စေခြင်း၊

(ည) ကွန်ပျူတာရှိ source code များကို ပျက်စီးစေရန် ရည်ရွယ်၍ ခိုးယူခြင်း၊ အသုံးပြုခွင့်မရအောင် ပြုလုပ်ခြင်း၊ ကျက်ဆီးခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အခြားသူတစ်ဦးဦးကို ထိုသို့ ပြုလုပ်ရန် ခိုင်းစေခြင်း၊

(ဋ) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ အယောင်ဆောင် လိမ်လည်လှည့်ဖြားခြင်း၊

၆၄။ မည်သူမဆို ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန်၊ အကြည်အညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန် ရည်ရွယ်၍ သတင်းတု၊ သတင်းမှား ပြုလုပ်ဖန်တီးခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန်၊ အကြည်အညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန် ရည်ရွယ်၍ အကောင့်(Account) အတု၊ Page အတု၊ Website အတု၊ Web Portal အတုများ ပြုလုပ် ဖန်တီးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၆။ မည်သူမဆို မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားရှိခြင်းမရှိဘဲ အွန်လိုင်းငွေကြေးဝန်ဆောင်မှုပြုလုပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို တရားဝင်ခွင့်ပြုထားခြင်းမရှိသောငွေကြေး (Digital Currency, Cryptocurrency စသည်) အား ဆိုက်ဘာနယ်ပယ်တွင် ရောင်းဝယ်မှုပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ဆယ့်ငါးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို မဖွယ်မရာညစ်ညမ်းသော လိင်ပိုင်းဆိုင်ရာလုပ်ရပ်များပါဝင်သည့် စကား၊ ရုပ်ပုံ၊ အသံဖိုင်၊ ဗီဒီယို၊ စာသား၊ သင်္ကေတနှင့် အခြားဖော်ပြမှုတို့ကို အီလက်ထရောနစ်ပုံစံဖြင့် ဖြန့်ဝေ၊ ပေးပို့ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို လိင်ပိုင်းဆိုင်ရာလုပ်ရပ်များအတွက် ကလေးငယ်များ၏ ညစ်ညမ်းသော၊ မဖွယ်မရာသော၊ ပွင့်လင်းမြင်သာသော ကလေးသရုပ်ဖော်ပုံ၊ အသံဖိုင်၊ ဗီဒီယို၊ စာသား၊ သင်္ကေတနှင့် အခြားဖော်ပြမှုများ ဖန်တီးခြင်း၊ စုဆောင်းခြင်း၊ ရှာဖွေခြင်း၊ ဒေါင်းလော့ဒ်လုပ်ခြင်း၊ ကြေညာခြင်း၊ တိုးမြှင့်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ်လျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရ ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၇၀။ မည်သူမဆို နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ား ဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်နှောင့်ယှက် ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆိုက်ဘာအရင်းအမြစ်များအား ရယူပိုင်ခွင့်မရှိအောင် ားဆီးခြင်း၊ ခက်ခဲအောင် ပြုလုပ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း၊ ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်း၊ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာ တွင် အန္တရာယ်ရှိသော မောလ်ဝဲရ်များထည့်သွင်းခြင်းစသည့် ဆိုက်ဘာအကြမ်းဖက် ခြင်းကို ူးလွန်လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၇၁။ မည်သူမဆို နိုင်ငံတော်နှင့် အခြားနိုင်ငံတို့၏ ရင်းနှီးသောဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေနိုင်သည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားနိုင်ငံတစ်ခုခု၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေသော လုံခြုံရေးအရ လျှို့ဝှက်ထားသော ဆိုက်ဘာအရင်းအမြစ်များကို ခွင့်ပြုချက်မရှိဘဲ ထိုးဖောက်ဝင်ရေ က်ရန် ကြိုးစားခြင်း၊ ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်းစသည့် ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်မှုကို ကျူးလွန်လျှင် အကြမ်းဖက်မှုတိုက်ဖ က်ရေးဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၇၂။ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၈ အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ထင်ရှားလျှင် ဦးစီးဌာနသည် လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သူကို ဦးစီးကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုပေးခြင်းကို ပိတ်ပင်ခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၇၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ဆယ့်ငါးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာ တွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၇၅။ မည်သူမဆို အွန်လိုင်းလောင်းကစားခြင်းကို ခွင့်ပြုချက်မရှိဘဲ ကျူးလွန်လျှင် လောင်းကစား ဥပဒေနှင့်အညီ အရေးယူခံရမည်။

## အခန်း (၁၆)
## အယူခံဝင်ခြင်း

၇၆။ ဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းဆိုခြင်း၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားချက်ကို ငြင်းဆိုခြင်း သို့မဟုတ် ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံလျှောက်ထားနိုင်သည်။

၇၇။ ဗဟိုကော်မတီသည် ပုဒ်မ ၇၆ အရ အယူခံလျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆုံးဖြတ်ချက်အပေါ် အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း (၁၇)

## အထွေထွေ

၇၈။ ဤဥပဒေ အာဏာမတည်မီ ဆောင်ရွက်လျှက်ရှိသော အီလက်ထရောနစ် သက်သေခံ လက်မှတ်ထုတ်ပေးပိုင်ခွင့်လုပ်ငန်းလိုင်စင်၊ အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ဆိုက်ဘာလုံခြုံရေး ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ တစ်နှစ် အတွင်း ဤဥပဒေနှင့် အညီ လိုင်စင်လျှောက်ထားရယူရမည်။

၇၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသည့် အချက်များကို အများပြည်သူ အကျိုးစီးပွား နှင့်သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း အညီဖြစ်စေရန် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် ပုဒ်မ ၇၈ ပါ ကာလအတွင်း အပြီး ပြန်လည်ပြင်ဆင် ဆောင်ရွက်ရမည်။

၈၀။ ဤဥပဒေ အာဏာမတည်မီက ထုတ်ပြန်ခဲ့သော ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင် သည့် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၈၁။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဗဟိုကော်မတီ အဖွဲ့ဝင် သို့မဟုတ် ဦးစီးကော်မတီ သို့မဟုတ် လုပ်ငန်းကော်မတီ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန် များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့ ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၂။ ဤဥပဒေအရ ရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများပေးဆောင်ရန် ပျက်ကွက်သူထံ မှ ထို အခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၈၃။ ပုဒ်မ ၃၉၊ ၄၀၊ ၄၁ ပါ ကိစ္စရပ်များကို တည်ဆဲဥပဒေတစ်ရပ်ရပ်၏ ခွင့်ပြုချက်အရ ဆောင်ရွက်ခြင်းအား ားမဝင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မမှတ်ယူရ။

၈၄။ ဤဥပဒေအရ ၁ဝန်ဝတ္တရားနှင့် လုပ်ငန်းများကို ဆောင်ရွက်ရန် ၁ဝန်ပေးအပ်ခြင်းခံရ၍ သဘောရိုးဖြင့်ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို တရားစွဲဆိုခြင်း မပြုရ။

၈၅။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ နည်းပညာဆိုင်ရာစကားရပ်တစ်ခုခု သို့မဟုတ် ဘာသာရပ်ဆိုင်ရာစကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ကို ရှင်းလင်းပေးရန် လိုအပ်လျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပေဒပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရ တွင်-

(က) ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကွယ်ရေးဝန်ကြီးဌာနတို့သည် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်နိုင်သည်။

(ဂ) ဗဟိုကော်မတီ၊ ဦးစီးကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်နိုင်သည်။

၈၉။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ (နိုင်ငံေ ာ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**ပုံ (-----------)**

**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**